

# အခန်း (၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် အိမ်ထဲမှာ ပင်အောင်း၍ စစ်တုရင်ကစားနေကြလေ၏ ။ အိမ်ထဲတွင် မအောင်း၍ လည်းမရ။ အပြင်ဘက်တွင် ရွာသွန်းနေသော မိုးသည် အုန်းအုန်းထနေလေတော့၏ ။မိုးဦးလေဦး ဖြစ်သဖြင့် လေကလည်း ကြမ်း၍ မိုးကလည်း သည်းလွန်းလှလေ၏ ။

"မိုးတွေ လေတွေ လာပါလို့ ကဆုန်လပြည့်ကျော်"

ဟု သံပြိုင်အော်လိုက်သော ကလေးများ ၏ အသံသည် တဝုန်းဝုန်း ရွာသွန်းနေသော မိုးသံကို ဖောက်ထွက်လာလေ၏ ။ ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)နှင့် လွစ္စလမ်း(ဆိပ်ကမ်းသာလမ်း)ထောင့်တွင် ကလေးနှစ် ဆယ်ခန့် စုဝေးရောက်ရှိနေကြကာ ဒူးခေါင်းလောက်အထိမြုပ်သော ရေထဲတွင် ခုန်သူကခုန်၊ ကူးသူကကူး၊ ငုပ်သူကငုပ်၍ ကလေးဘဝ၏ ပျော်ရွှင်မှု ကို အပြည့်အဝခံစားနေကြလေ၏ ။

ယခုအချိန်တွင် ယာယီ ဖြစ်ပေါ်နေသော ဒါလဟိုဇီဆွင်းမီးပူးကြီးထဲတွင် ငုပ်ချည်ပေါ်ချည်ဖြင့် ပျော်မြူး နေကြသော ကလယ်၊ အူရဒူ၊ ဇေရဘာဒီ စသော အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးတို့၏ ရင်ထဲမှ ပျော်ရွှင်နေမှု ကိုတာဝတိံသာနတ်ပြည်မှ နတ်သား၊ နတ်သမီးများ ၏ ပျော်ရွှင်မှု သည်ပင်မည် သို့မျှတုပ၍ မမီနိုင်အောင် ရှိချေတော့၏ ။

ကျွန်ုပ်တို့နှစ် ယောက် ကလည်း မိုးနှင့် လေကို အပြိုင်ကဲ့ကာစစ်တုရင်ပွဲကြီးကို အကြိတ်အနယ် ကျင်းပနေကြလေ၏ ။

"ဒုန်း

...ခွေ"

လမ်းပေါ်မှ ကလေးများ ၏ အသံကို အာရုံတစ်ချက် လွင့်သွားချိန်တွင် ကိုသံဟိတ်က ကျွန်ုပ်၏ ဘုရင်ကြီးကို ခွေလိုက်လေ၏ ။ ကျွန်ုပ်ကလည်း ကပျာကယာဖြင့် ကျွန်ုပ်၏ ဘုရင်ကို ဘေးတစ်ကွက် ရွှေ့လိုက်ရလေ၏ ။ ကိုသံဟိတ်လည်း သူ့ရထားကို

ကောက်ကိုင်လိုက်ကာ ရွှေ့ရမည့် အကွက်ကို တွေးနေလေ၏ ။

"ဒေါက်

...ဒေါက်

...ဒေါက်"

"အလို

...မောင်တောအုပ်ရေ၊ ကျုပ်တို့ပွဲကို ဒီအတိုင်း ရပ်ထားဦးမှပဲ။ ကိုဘခင် တစ်ယောက် မိုးကြီးလေကြီးထဲမှာ ရောက်လာပုံထောက်တော့ တော် တော် ကို အရေးကြီးလာတယ်မှတ်တယ်ကွယ့်။ တံခါးခပ်မြန်မြန်ဖွင့်လိုက်ပါကွယ်"

"ဒေါက်

...ဒေါက်

...ဒေါက်"

တံခါးခေါက်သံကား အဆက်မပြတ်ထွက်နေတော့၏ ။ တအုန်းအုန်း ရွာနေသော မိုးသံကြောင့် တံခါးခေါက်သံကို မကြားရမည် စိုးသဖြင့် အဆက်မပြတ်ခေါက်နေခြင်း ဖြစ်ပေလိမ့်မည် ။ ကျွန်ုပ်လည်း အပြေးအလွှားသွားကာ တံခါးဖွင့်ပေးလိုက် ရလေ၏ ။မိုးကာအင်္ကျီရှည်ကြီးဝတ်ထားသည့် နှုတ်ခမ်းမွေးပြားပြားကြီးရှိသော ဟစ်တလာဘခင်ခေါ် အင်စပိတ်တာကိုဘခင်သည် ကျွန်ုပ်အားပြုံး ၍ ပင် နှုတ်မဆက်နိုင်ဘဲ ချမ်း၍ တုန်နေလေတော့၏ ။

"လာဗျို့

...ကိုဘခင်၊ ကိုသံဟိတ်လည်း ရှိလေရဲ့ ။ မိုးတွေ လေတွေ ကောင်းလွန်းနေလို့ ကျွန်တော် တို့လည်း ဘယ်ကိုမှမထွက်နိုင်ဘဲ ဖြစ်နေကြတာ"

ဟု ပြောလိုက်စဉ်မှာ ပင် ကိုဘခင်သည် အိမ်ထဲသို့ ဝင်၍ မိုးကာအင်္ကျီကို

ချွတ်လေ၏ ။ ကျွန်ုပ်က ကိုဘခင်၏ မိုးကာအင်္ကျီကိုယူကာချိတ်ထားလိုက်ရလေ၏ ။

"မိုးထဲလေထဲမှာ ရောက်လာပုံထောက်တော့ ကိစ္စက တော်တော် ကို အရေး ကြီးပုံပဲ။ အင်း

...အိတ်ထောင်ထဲမှာ လည်း မင်းကြီးရဲ့ စာအိတ်ညိုညိုကြီး ပါလာတယ်ဆိုတော့ မဟုတ်မှလွဲရော လူသတ်မှု ဖြစ်ပြန်ပြီထင်တယ်။ လူသတ်မှု ဆိုရင် ခြံကြီးဝင်းကြီးနဲ့နေတဲ့ အသိုင်းအဝိုင်းမှာ ဖြစ်တာပဲ ဖြစ်မယ်ဗျို့ ။ ပြီးတော့ လူသတ်မှု ဖြစ်တဲ့ခြံက ပျဉ်းမပင်တွေ တော် တော် များများ ရှိတဲ့ ခြံပဲဗျ။ ဒါဆိုရင် ဘောက်ထော်ဘက်မှာ ပဲ ဖြစ်လိမ့်မယ်။ အဲဒီ ဘက်မှာ က ပျဉ်းမပင် အတော် များ တာကလားကိုဘခင်ရဲ့ "

ဟစ်တလာနှုတ်ခမ်းမွေးကြီးလည်း ကိုသံဟိတ်၏ ရှေ့တည့်တည့်မှ ဆိုဖာခုံတွင် ဝင်၍ ထိုင်လိုက်ကာ မင်းကြီးပေးလိုက်သော စာအိတ်ညိုညိုကြီးကို ကိုသံဟိတ်အား ပေးလေ၏ ။ ပြီးတော့မှ ...

"ဘယ်လိုများ သိနေတာတုံးဗျာ။ တိတိကျကျကို မှန်ပါပေရဲ့ ကိုသံဟိတ်ရယ်"

"ဩော်

...တခြားမဟုတ်ပါဘူးဗျာ။ ကိုဘခင်ရဲ့ ရိန်းကုတ်ကြီးပေါ်မှာ ပျဉ်းမရွက်ကလေး နှစ် ရွက်သုံးရွက် ကပ်နေတာကို တွေ့လိုက်လို့မှန်းပြီးပြောလိုက်တာပါ။ ပြီးတော့ မင်းကြီးဆီက စာအိတ်ကြီးကိုလည်းမြင်လိုက်တာမို့ လူသတ်မှု ဖြစ်ပြန်ပြီလို့ တွေး လိုက်တာပါ"

"အင်း

...ကိုသံဟိတ်ရဲ့ တွေးလုံးတွေ ကတော့ ဒက်ထိပါပဲဗျာ။တစ်ခုမှကို မလွဲပါဘူးဗျာ။ ဘောက်ထော်ဘက်က ခြံကြီးတစ်ခြံမှာ ဖြစ်တာဗျို့ ။ မိုးအေးအေးနဲ့ ကွေးနေရမယ့် အချိန်မှာ ကျုပ်တို့ ကတော့ပြေးလွှားနေကြရတာ ပါပဲဗျာ။ သတ်လည်းသတ်နိုင်ကြပါပေရဲ့ "

ကိုသံဟိတ်လည်း မင်းကြီးထံမှစာကို ဖောက်၍ ဖတ်လေ၏ ။ပြီးလျှင်

ခေါင်းတဆတ်ဆတ်ညိတ်ကာ

…"တော် ရုံတန်ရုံကိစ္စမျိုး ကျတော့လည်း
သူ့သက်ဆိုင်ရာဌာနကဖော်ထုတ်လိုက်ဖို့ ကောင်းတာပေါ့ဗျာ။ ခုတော့ လူသတ်မှု မှန်သမျှ စီအိုင်ဒီကချည်း ကိုင်တွယ်နေရတဲ့အခါကျတော့ ခင်ဗျားတို့လည်း ပင်ပန်းတာပေါ့။ ပြီးတော့ စုံထောက်တဲ့ပညာ တိုးတက်မှု ရှိတဲ့အခါကျတော့လည်းခင်ဗျားတို့မှာ ချည်း တိုးတက်နေတော့မှာ ပေါ့။ တခြားပုလိပ်ဘက်ကလူတွေ လည်း တော် လာကြမှ ရေရှည်မှာ ဖြစ်မှာ ပေါ့"

ဟု ပြောလိုက်လေရာ ကိုဘခင်က ခေါင်းကိုညိတ်၍

…"သူတို့ ဖော်ထုတ်ဖမ်းဆီးတာတွေ လည်း အများ ကြီးရှိပါတယ်ကိုသံဟိတ်ရဲ့ ။ အခုလို ထူးခြားတဲ့ပုံစံရှိရင်သာ သူတို့အနေနဲ့ အလောင်းကို ခြေရာလက်ရာမပျက်ခင် ကျွန်တော် တို့ဆီကို အကြောင်းကြားကြတာပါ"

"ဪ

…ဒီလိုဖြင့် တော် တာပေါ့ဗျာ"

ဟိုတလောကတင် ကြည့်မြင်တိုင်ဘူတာနားမှာ ဇရဘာဒီကုလား တစ်ယောက်ကို လူနှစ် ယောက် က ပိုင်းချုပ်ထားပြီး တစ်ယောက် က လေးလက်မသံနဲ့ခေါင်းကိုတေ့၊ တူနဲ့ရိုက်သတ်တဲ့အမှု ကို နောက်တစ်နေ့ နေ့မကူးခင် မိအောင်ဖမ်းလိုက်နိုင်တယ် ကိုသံဟိတ်ရဲ့ "

ဟု ကိုဘခင်က သူ၏ နှုတ်ခမ်းမွေးပြားပြားကြီးကို ပွတ်သပ်ရင်းပြောလေ၏ ။ ထိုအချိန်မှာ ပင် ကျွန်ုပ်ကလည်း ကော်ဖီပူပူတစ်ခွက်ကိုကပျာကယာဖျော်၍ ကိုဘခင်ကို တိုက်ရလေ၏ ။ ကိုဘခင်လည်း ချမ်းနေပြီ ဖြစ်လေရာ ကျွန်ုပ်ဖျော်တိုက်သော ကော်ဖီကိုယူ၍ 'ရှူး 'ခနဲ 'ရှူး 'ခနဲမြည် အောင် သောက်လေတော့၏ ။

"ကျေးဇူးပဲ ကိုတောအုပ်ရယ်။ ကော်ဖီပူပူကလေး သောက်လိုက်ရတော့မှ

အချမ်းသက်သာသွားပေတော့တယ်"

ဟု ကိုဘခင်က ကျွန်ုပ်အား ကျေးဇူးတင်စကားပြောလေ၏ ။ထိုအချိန်တွင် ကိုသံဟိတ်သည် ထ၍ အပြင်သို့ ထွက်ရန် ပြင်ဆင်နေပြီ ဖြစ်ရာ ကျွန်ုပ်လည်း လိုက်၍ ပြင်ဆင်ရလေတော့၏ ။

"ကား ကတော့ စပတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)မှာ ထားခဲ့ရတယ်ဗျို့ ။ ဒီဘက်ထိ မောင်းလာလို့မရဘူးဗျ"

ဟု ကိုဘခင်က ပြောပြောဆိုဆိုဖြင့် မတ်တတ်ထရပ်လေလျှင်ကိုသံဟိတ်ရော ကျွန်ုပ်ပါ ရိန်းကုတ်ကြီးများ ဝတ်၍ ကိုဘခင်နောက်မှလိုက်ခဲ့ကြရလေတော့၏ ။ ကျွန်ုပ်လည်း နောက်ဆုံးချန်နေခဲ့ကာ အခန်းကိုသေသေချာချာ သော့ ခတ်၍ ပိတ်လိုက်ရလေတော့၏ ။ ထို့နောက်တွင် ရှေ့မှသွားနှင့် ပြီ ဖြစ်သော ကိုသံဟိတ်နှင့် ကိုဘခင်နောက်သို့ မီအောင်လိုက်ရလေတော့၏ ။

ကျွန်ုပ်တို့သုံးယောက် သည် လွှစ္စလမ်းအတွင်းသို့ ဝင်ပြီးမှတစ်ဖက်သို့ ကူးကာ ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း) ဘက်သို့ ထွက်ခဲ့ကြလေတော့၏ ။ မိုးရေသည် ပလက်ဖောင်းများ ပေါ်အထိ တက်၍ မြုပ်နေသည် ဖြစ်ရာ ကျွန်ုပ်တို့လည်း ဒူးခေါင်းလောက်အထိ မြုပ်နေသော ရေထဲမှဖြတ်၍ လျှောက်ကြရလေ၏ ။ ပြီးလျှင် စပတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)တွင် ကိုဘခင်ထားခဲ့သော ဆီဒင်ကားအနီကလေးဆီသို့ ရောက်အောင်လာခဲ့ကြလေ၏ ။

"အခု နေ့လယ်တစ်နာရီဆိုတော့ ဘယ်အချိန်ကများ သတ်သွားတာတုံး ကိုဘခင်ရဲ့ "

ဟု ကိုသံဟိတ်က ကားထဲသို့ရောက်ရောက်ချင်း မေးလိုက်လေ၏ ။

"ဒီမနက် ကိုးနာရီ၊ ဆယ်နာရီလောက်လို့ ပြောတာပဲဗျာ။အတိအကျတော့ မမှန်းနိုင်ဘူးလို့ ပြောတယ်ဗျို့ "

''အလို ...နေ့ခင်းကြောင်တောင်ကြီးပါလား။ တယ်လည်းအတင့်ရဲတဲ့ လူသတ်သမားပါလား ဟရို့''

ဟု ကျွန်ုပ်က ဝင်၍ ပြောလိုက်စဉ်မှာ ပင် ကိုဘခင်၏ ဆီဒင်ကားကလေးသည် မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း)ပေါ်သို့ရောက်လာကာ ညာဘက်သို့ ချိုး လိုက်လေ၏ ။

ကိုသံဟိတ်လည်း မနားတမ်းရှာနေသော မိုးကိုငေးကြည့်ရင်း

''ကိုထွန်းသော င်ကြီး မပါပါလား ကိုဘခင်ရဲ့ ။ ဒီလူကြီး နေမှကောင်းရဲ့ လား''

''ကောင်းပါဗျာ။ အမှု ဖြစ်တဲ့အိမ်မှာ ကျန်ရစ်ခဲ့လေရဲ့ ။ ကိုအုန်သင်ရော တခြားဆပ်အင်စပိတ်တော် တွေ ရော အစုံရောက်နေကြလေရဲ့ ။ မိုးသိပ်ရွာနေတာနဲ့ ကိုထွန်းသော င်ကြီးက မလိုက်ဘဲနေခဲ့တာဗျ''

''ဩော်

...နေကောင်းရင်ပြီးတာပါပဲဗျာ။ ဒါနဲ့ ဟိုတလောကခင်ဗျားနဲ့ ကိုထွန်းသော င်နဲ့ နယ်ဘက်ခရီးထွက်ရသေးတယ်ဆို''

''ဟုတ်ပ့ါကိုသံဟိတ်ရယ်၊ ပြည်ကိုသွားကြရတာ လေ။ မင်းကြီးအမိန့်နဲ့ သွားရတာ ဗျို့ ။ အဲဒီ မှာ ဓားပြတိုက်ပြီး လူသတ်သွားတာဗျ။တစ်ပတ်အတွင် း မိပါတယ်ဗျာ။ ပစ္စည်းယူသွားတဲ့တရားခံမျိုး ကတော့ဖမ်းဖို့အင်မတန်လွယ်တာဗျာ။ ဒါမျိုး တော့ ကျု ပ်တို့ပုလိပ်တွေ က အင်မတန် နိုင်တာကလား။

အဲ ...အခုလို ဘာပစ္စည်းမှမယူဘဲ လူကိုရက်ရက်စက်စက်သတ်တာမျိုး ဆိုရင်တော့ ပုလိပ်က ဖော်ဖို့ အတော် ခက်တာ ကိုသံဟိတ်ရဲ့ ။ ဒါကြောင့် ဒီကိစ္စမျိုး တွေ ပေါ်လာခဲ့ရင် ကိုသံဟိတ်ဆီကို ပြေးကြရတော့တာပေ့ါဗျာ''

ဟု ကိုဘခင်က ပြောလေ၏ ။ ကျွန်ုပ်တို့သုံးယောက်

လည်းစကားတပြောပြောနှင့် လာခဲ့ကြလေရာ ဘောက်ထော်သို့ ရောက်မှန်းမသိ

ရောက်ခဲ့လေတော့၏ ။ ခြံဝင်းကြီးများ များ ပြားသော ဘောက်ထော်တွင် ကိုဘခင်၏ ဆီဒင်ကားကလေးသည် တစ်လမ်းပြီးတစ်လမ်း ဖြတ်ကျော်၍ မောင်းလာခဲ့ကာ နောက်ဆုံးတွင် အတော် ကလေး ကျယ်ဝန်းသော ခြံကြီးတစ်ခြံထဲသို့ ကားကလေးကို ကွေ့ဝင်လိုက်လေ၏ ။"ရောက်ပြီ၊ လက်ဖတင်နှင်ရေ"

ဟု ကိုဘခင်က ပြော၍ ကားကို စက်သတ်လိုက်လေ၏ ။ထိုအချိန်တွင် ရာဇဝတ်အုပ်နှစ် ယောက် နှင့် ပုလိပ်သားကလေး နှစ် ယောက် သည် ကျွန်ုပ်တို့ကားရှိရာသို့ လျှောက်လာပြီးလျှင် ကျွန်ုပ်တို့အားပြုံး ပြုံးရွှင်ရွှင်နှင့် ကြိုဆိုကြလေ၏ ။ ကျွန်ုပ်တို့လည်း တံခါးဖွင့်၍ အပြင်သို့ ထွက်လိုက်ကြလေ၏ ။

"လက်ဖတင်နှင်၊ နေကောင်းတယ်နော်"

ဟု ဆီးကြိုနှုတ်ဆက်လိုက်သော ဌာနအုပ်ကို ကျွန်ုပ်ရောကိုသံဟိတ်ပါ အံ့သြပြီး မော့ကြည့်လိုက်ကြလေ၏ ။

"ဟာ ...ကိုအေးဖေပါလား။ ဟုတ်ကဲ့၊ နေကောင်းပါတယ်ဗျာ။ ကိုအေးဖေ၊ ဘယ်တုန်းက ဘောက်ထော်ကို ပြောင်းလာတာလဲ"

ဟု ကိုသံဟိတ်က နှုတ်ဆက်လေ၏ ။ ပြီးလျှင် ကိုသံဟိတ်ကကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်ကာ ..."မောင်တောအုပ်၊ ကိုအေးဖေကို သိပ်မမှတ်မိဘူးထင်တယ်။ စမ်းချောင်းက ဆရာဝန်တင်မောင်မောင်အမှု ကို သွားပြီးစစ်တော့ကျုပ်တို့ကို အများ ကြီး အကူအညီပေးခဲ့တဲ့ အိုးဘိုဂါတ်က ဌာနအုပ်လေ"

ဟု ပြောလေ၏ ။ သည်တော့မှ ကျွန်ုပ်လည်း သတိရသွားကာ

"ဟာ ...မှတ်မိပြီဗျို့ ၊ မှတ်မိပြီ။ ဟာ

...ကိုအေးဖေကဝနေတာကိုဗျ။ ဖြုန်းစားကြီးဆိုတော့ မမှတ်မိသလို ဖြစ်သွားတာပေါ့"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်သော အခါ ကိုအေးဖေက ပြုံး ၍ "ဟုတ်တယ်

ကိုတောအုပ်ရေ။ အလုပ်ကပင်ပန်းလေ လူကဝလာလေပဲမို့ ။ ကျွန်တော် တို့ကလည်း ဆင်းရဲဇာတာပါတယ် ထင်ပါရဲ့ ။ပင်ပန်းတာနဲ့ကို အင်မတန်တည့်တာဗျ''

ဟု ဌာနအုပ်ကိုအေးဖေက ရင်းရင်းနှီးနှီးပြောလေ၏ ။ ပြီးလျှင်

''ကဲလက်ဖက်တင်နင်ကြွပါဗျာ။ အလောင်းတွေ ကတော့အိမ်ပေါ်ထပ်မှာ ဗျ''

ဟု ပြောရင်း ကိုအေးဖေက ရှေ့မှဦးဆောင်၍ သွားလေ၏ ။ကျွန်ုပ်တို့လည်း ကိုအေးဖေ၏ နောက်မှကပ်၍ လိုက်ခဲ့ကြရလေ၏ ။ကြီးမားသော နှစ် ဆောင်ပြိုင်အိမ်ကြီးကို တိုက်ခံပုံစံ ဆောက်လုပ်ထားသည်ကို တွေ ့ရလေ၏ ။ အပေါ်ထပ်တွင် ရေနံ့ဝနေသော ကျွန်းလျှာထိုးပျဉ်များ နှင့် ကာထားပြီး ပြတင်းပေါက်များ ကို ဆေးအဖြူရောင် များ သုတ်ထားသည် ဖြစ်ရာ အိမ်ကြီးမှာ ခံ့ညားသလောက် သပ်သပ်ရပ်ရပ်ရှိသည်ကို တွေ ့ရလေ၏ ။ လှေကားမှာ အိမ်ထဲတွင် တပ်ဆင်ထားသည်မဟုတ်ဘဲ အိမ်ဘေးတွင် ထုတ်ထားသည့် ဘေးလှေကား ဖြစ်လေ၏ ။

ကိုသံဟိတ်သည် လှေကားမှ အပေါ်သို့ တန်း၍ မတက်သေးဘဲအိမ်ကြီး၏ အောက်ထပ်သို့ ဦးစွာ ဝင်သွားလေ၏ ။ အိမ်အောက်ထပ်တွင် ဆိုဖာကြီးများ ချထားသော ခံ့ထည်သည့် ဧည့်ခန်းနှင့် နံရံပေါ်တွင် ချိတ်ထားသော ပန်းချီကားကြီးသုံးချပ်ကို တွေ ့ရလေ၏ ။ ကိုသံဟိတ်သည်ပန်းချီဝါသနာပါသူ တစ်ယောက် ဖြစ်လေရာ ပန်းချီကားကြီးများ ကို သေသေချာချာ ကြည့်လေ၏ ။ ပန်းချီကားကြီးများ မှာ တောကားတောင်ကားနှင့် ပုဂံဘုရားများ ကို ဆွဲထားသည့်ကားများ ဖြစ်သော် လည်း လွန်စွာ လက်ရာမြောက်၍ အသုံးပြုထားသော ဆေးရောင် များ မှာ တစ်မျိုး ထူးခြားနေသည်ဟု ကျွန်ုပ်စိတ်ထဲတွင် ထင်မိလေ၏ ။ ပန်းချီကားများ ထောင့်တွင် ရေး ထိုးထားသော ပန်းချီဆရာ၏ အမည် မှာ တရုတ်ဘာသာဖြင့် ထိုးထားသည်ကို တွေ ့ရလေ၏ ။

''မောင်တောအုပ်၊ ဒီပန်းချီကားတွေ ဟာ တရုတ်ပန်းချီဆရာကြီး ဟာကျင်ရဲ့ လက်ရာကွယ့်။ ထောင့်မှာ ထိုးထားတဲ့ နာမည် ကဟာကျင်လို့ ရေး ထားတာလေ။ တော် တော် ကိုတော် တဲ့ ပန်းချီဆရာပေပဲကွယ့်။ ဒါဟာ ကမ္ဘာပေါ်မှာ ပျောက်သလောက် ဖြစ်နေတဲ့

ပညာပဲ မောင်တောအုပ်ရဲ့။ သဘာဝ အလျောက် တောတွေ တောင်တွေ မှာ ပေါက်ရောက်နေတဲ့ သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်တွေ နဲ့ ကျောက်တုံး၊ ကျောက်ခဲတွေ ကနေ ကိုယ်တိုင် ထုထောင်းချက်လုပ်ပြီးရတဲ့ ဆေးရောင် တွေ နဲ့ရေး ဆွဲထားတဲ့ ပန်းချီပညာကွယ့်။ ဒီပညာဟာ တရုတ်မင်းတွေ ရှိစဉ်အခါက အလွန်ထွန်းတောက်ခဲ့ပေမဲ့ အခုနောက်ပိုင်းမှာ ဒီလိုသစ်မြစ်သစ်ခေါက်ကနေ ဆေးရောင် တွေ ထုတ်ယူတတ်တဲ့ပညာရှင်တွေ မရှိသလောက် ဖြစ်သွားပြီလေ။ ဒီဟာကျင်ဆိုတဲ့ ပန်းချီဆရာဆီမှာ ဒီပညာကိုလာတွေ ့ရတာ ပဲကွယ့်"

"ဟာ ...ဟုတ်လား။ ဒါဆိုရင် ဒီပန်းချီကားတွေ ဟာ အဖိုးတန်ပန်းချီကားတွေ ပေါ့။ ဒါထက် ဒီပန်းချီဆရာကော အခုရှိသေးရဲ့ လားမသိဘူးနော်"

"အင်း

...ပြီးမှပဲ ဒီအိမ်ကလူတွေ ကို မေးကြည့်ရတော့မှာ ပဲ။

ကဲ

...ကဲ

...အပေါ်ထပ်တက်ပြီး အလောင်းတွေ ကြည့်ရအောင်မို့ ့။

အင်း

...ဘယ်နှစ် လောင်းတောင်မှာ လဲဗျာ"

"နှစ် လောင်းပါ လက်ဖတင်နင်"

ဟု ဌာနအုပ်ကိုအေးဖေက ပြန်၍ ပြောရင်း ရှေ့မှ ဦးဆောင်တက်သွားလေရာ ကျွန်ုပ်တို့လည်း နောက်မှလိုက်၍ တက်ကြရလေတော့၏ ။

အိမ်ကြီး၏ အပေါ်ထပ်တွင် အိပ်ခန်းများ ရှိသော်လည်း လူအမြဲနေသည့်ပုံ မရှိပေ။ အိမ်ကြီး၏ ပြောင်လက်နေသော ကြမ်းပြင်ပေါ်တွင် ဝမ်းလျားကြီးမှော က်၍ လဲကျနေသော ယောကျာ်းကြီး တစ်ယောက် နှင့် သူ့အောက်တွင် ပက်လက်လန်၍ သေနေသော မိန်းမ တစ်ယောက် ၏ အလောင်းကို ထူးဆန်းစွာ တွေ ့ရလေ၏ ။

ယောက်ျားကြီး၏ အလောင်းတွင် ကျောကုန်းမှ ဖောက်ဝင်နေသော မြားတံကြီးတစ်ခုကို တွေ့ရလေ၏ ။မြားတံကြီးမှာ အရင်းနားအထိ မြုပ်ဝင်နေသည်ကို တွေ့ရခြင်းပင်။

ထိုမြားသည် လူကို ထုတ်ချင်းခပ်ဖောက်ဝင်သွားမည် ကို ကျွန်ုပ် ခန့်မှန်းမိလေ၏ ။

ခါးတွင် ဘန်ကောက်ပုဆိုးအစိမ်းရောင် ကို ဝတ်ထားပြီးအပေါ်မှ ရိုးတိုက်ထုတ်စတစ်ကော်လာပါသည့် ရှပ်အင်္ကျီလက်ရှည်အသားရောင် ကို ဝတ်ဆင်ထားသည့် ယောက်ျားကြီး၏ အလောင်းတွင် ကျောကုန်း၌ သွေးကွက်ကြီးတစ်ခုကို တွေ့ရပြီးလျှင် ဘေးသို့ စီးသွားသည့်သွေးစီးကြောင်းကြီးတစ်ခုကိုလည်း တွေ့ရလေ၏ ။ ထိုသွေးစီးကြောင်းကြီးသည် ကြမ်းပြင်ပေါ်သို့ စီးသွားကာ အိုင်ထွန်းသွားသည်ကို တွေ့ရလေ၏ ။ကိုသံဟိတ်သည် ရိန်းကုတ်ကိုချွတ်၍ ကျွန်ုပ်အားပေးလေ၏ ။

ကျွန်ုပ်လည်း ကျွန်ုပ်၏ ရိန်းကုတ်ကိုပါချွတ်၍ လေ့ကားထိပ်တွင် ရှိသော သံချောင်းတွင် ချိတ်ထားလိုက်လေ၏ ။

ကိုသံဟိတ်သည် အလောင်းများ ဆီသို့ လျှောက်သွားကာ မနီးမဝေးမှ တစ်ပတ်ပတ်၍ ကြည့်လေ၏ ။ ပြီးလျှင် ကိုသံဟိတ်သည်အလောင်းများ နှင့် မနီးမဝေးတွင် လဲကျနေသော သစ်သားကုလားထိုင်ကိုသေသေချာချာကြည့်လေ၏ ။ ကုလားထိုင်၏ လက်တင်တစ်ဖက်သည်သွေးအိုင်ထဲတွင် ရောက်နေလေ၏ ။ ထိုသစ်သားကုလားထိုင်နှင့် မနီးမဝေးတွင် မှောက်လျက်သားကျနေသော ဓာတ်ပုံကားလော၊ ပန်းချီကားလော မသိရသည့် အရာတစ်ခုသည်လည်း သွေးအိုင်၏ အစပ်တွင် ရှိနေလေ၏ ။

ကိုသံဟိတ်သည် ထိုအရာ၏ အနီးသို့ လျှောက်သွားကာ မှဆိုးဒူးထောက်ထိုင်၍ ထိုအရာကို မှောက်နေရာမှ လှန်လိုက်လေ၏ ။

''ဟာ

...ပုံတူပန်းချီကားပဲ''

ဟု ကျွန်ုပ်နှုတ်မှ လွှတ်ခနဲ ထွက်သွားမိလေ၏ ။ ကိုသံဟိတ်သည် ပန်းချီကားကိုတစ်ချက် သေနေသူမိန်းမကိုတစ်ချက် ကြည့်ကာစဉ်းစားနေလေ၏ ။ ပြီးလျှင် ပန်းချီကားကို ကြမ်းပြင်သို့ ပြန်၍ ချထားလိုက်ကာ မတ်တတ်ရပ်၍ လဲကျနေသော သစ်သားကုလားထိုင်ကိုထောင်လိုက်လေ၏ ။ ပြီးမှ ပန်းချီကားကို သေသေချာချာယူကာ သစ်သားကုလားထိုင်၏ လက်တန်းနှစ် ခုပေါ်တွင် တင်၍ နောက်မှီတွင် မှီပြီးထောင်လိုက်လေ၏ ။

''အလို

...သွေးတွေ တောင်စွန်းနေမှကိုး''

ကျွန်ုပ်၏ ဘေးမှ ကိုဘခင်က ခပ်တိုးတိုးပြောလိုက်လေ၏ ။ပန်းချီကား၏ ထောင့်သည် သွေးအိုင်ထဲတွင် နစ်နေခဲ့သည် ဖြစ်ရာလက်ယာဘက်ခြမ်းမှ ထောင့်တစ်ခုလုံး သွေးများ စွန်း၍ နေလေတော့၏ ။

ထိုအချိန်မှာ ပင် လှေကားမှတက်လာသော အင်စပိတ်တော် ကိုထွန်းသော င်နှင့် အင်စပိတ်တော် ကိုအုန်းသင်တို့ကို တွေ့ လိုက်ရလေ၏ ။ကိုထွန်းသော င်ကြီးရော ကိုအုန်းသင်ပါ အပေါ်ထပ်သို့ ရောက်ရောက်ချင်းအလောင်းများ အနီးတွင် လှည့်ပတ်၍ ထောက်လှမ်းနေသော ကိုသံဟိတ်ကို တွေ့ လိုက်ကြသော အခါ စကားမပြောတော့ဘဲ ငြိမ်သက်စွာ ပင်နေလိုက်ကြလေ၏ ။

ပီးလျှင် တွေ့ သွားသည့်ပုံစံဖြင့် ကျေနပ်သွားကာ ခေါင်းညိတ်လိုက်လေ၏ ။ လက်ထဲမှစက္ကူကို ကြမ်းပြင်သို့ ပစ်ချလိုက်ကာ အလောင်းများ အနီးသို့ ကပ်သွားလေ၏ ။ ထပ်လျက်သား လဲကျသေနေသော အလောင်းနှစ် လောင်းကို သေသေချာချာကြည့်ကာ အပေါ်မှ မှော က်လျက်သားသေနေသော ယောကျ်ားအလောင်းကို ပခုံးမှကိုင်၍ ဆွဲလှန်လေ၏ ။

သို့ သော် အလောင်းကို မည် သို့မျှ လှန်၍ မရအောင် ရှိလေရာ

...''ဟော့ကောင်တွေ ၊ သာထွေးနဲ့ ကစ္စနားအလောင်းတွေ

ဆွဲလှန်ပေးလိုက်လေကွာ။ လက်ဖတင်နှင် နေပါ၊ ကောင်လေးတွေ လုပ်ပေးပါလိမ့်မယ်''

ဟု ဌာနအုပ်ကိုအေးဖေက အလိုက်သိစွာ ဖြင့် ပြောလေ၏ ။ထိုအခါ မြန်မာပုလိပ်သားကလေးနှင့် ကုလားပုလိပ်သားကလေးတို့သည်ပြတင်းပေါက်များ အနီးတွင် ရပ်နေရာမှ အပြေးရောက်လာကြကာအပေါ်မှ ပိနေသော ယောက်ျားကြီး၏ အလောင်းကို ဆွဲ၍ လှန်ကြလေ၏ ။

ပုလိပ်သားကလေးနှစ် ယောက် ဆွဲလှန်သော် လည်း လှန်၍ မရအောင် ဖြစ်နေလေ၏ ။ ထိုအခါ ကိုသံဟိတ်သည် တစ်စုံတစ်ခုကိုတွေ ့မိသွားပုံဖြင့် ကပျာကယာ လက်ကာပြလိုက်လေ၏ ။''ကိုအေးဖေရေ၊ မြားက တစ်ချက်တည်းနဲ့ နှစ် ယောက် စလုံးကို ဖောက်သွားတာဗျို့ ။ မရဘူး

...မရဘူး။ နောက်ထပ်နှစ် ယောက် လောက် ခေါ်ဦးမှ ဖြစ်မယ်''

ဟု ကိုသံဟိတ်က ကိုအေးဖေကို လှည့်၍ ပြောလိုက်သော အခါကိုအေးဖေလည်း အောက်ထပ်မှ ပုလိပ်သားကလေးများ ကို ထပ်၍ ခေါ်ရန်ပြင်လိုက်လေ၏ ။ ထိုအခါတွင်

...''ဟေ့

...ဟေ့ ...

ဌာနအုပ်ကြီး မခေါ်နဲ့၊ ကျုပ်လုပ်ပေးမယ်''

ဟု အင်စပိတ်တော် ကိုထွန်းသော င်ကြီးက ပြောလိုက်ကာအလောင်းများ အနီးသို့ လျှောက်သွားလေ၏ ။ လွန်စွာ ထွားကျိုင်းသော ကိုထွန်းသော င်ကြီးသည် လူထွားသလောက် ပေါ့ပါးသွက်လက်သူ ဖြစ်လေ၏ ။

''ကဲမင်းတို့နှစ် ယောက် က အပေါ်ကအလောင်းကို ဆွဲလှန်၊ ငါက မိန်းမအလောင်းကို လိုက်တည့်ပေးမယ်''

ဟု ပြောလိုက်ရင်း အလောင်းများ ကို လှန်ကြလေ၏ ။

''ဟာ ...ဟုတ်ပါရဲ့ ဗျာ။ မြားက နှစ် ယောက် လုံးကို ထုတ်ချင်းခပ်သွားတာကိုး။ တော် တော် ကိုပြင်းတဲ့ လေးချက်ပါလား ဟရို့''

ဟု ကိုထွန်းသော င်ကြီးက ပြောလေ၏ ။ အလောင်းများ ကိုဆွဲလှန်သည်ဆိုသော် လည်း ပက်လက်အနေအထား လှန်၍ မရ။တစောင်းသာ ထားလိုက်ရလေ၏ ။

ကိုသံဟိတ်သည် အလောင်းများ အနီးတွင် သေသေချာချာထိုင်ချလိုက်ကာ မိန်းမအလောင်းမှမျက်နှာကို ကြည့်လိုက်၊ ကုလားထိုင်ပေါ်တွင် တင်ထားသော သွေးစွန်းနေသည့် ပန်းချီကားကို ကြည့်လိုက်ပြုလုပ်နေလေ၏ ။ ပြီးလျှင် ခေါင်းညိတ်ကာ ယောကျာ်းအလောင်းကိုမျက်နှာသေသေချာချာ ကြည့်လေ၏ ။ ပြီးလျှင် မြားဖောက်နေသော နေရာများ ကို သေသေချာချာကြည့်နေလေ၏ ။

ထို့နောက် ကိုသံဟိတ်သည် မြားအမြီးကိုကြည့်၍ မျက်မှော င်ကုတ်သွားလေ၏ ။ ကုတ်အင်္ကျီအိတ်ထဲမှ မှန်ဘီလူးကြီးကို ဆတ်ခနဲဆွဲထုတ်လိုက်ကာ မြားအမြီးကို သေသေချာချာ ကြည့်လေ၏ ။ ထိုသို့ ကြည့်နေရင်းမှ ကိုသံဟိတ်သည် တစ်စုံတစ်ခုကို တွေးနေလေတော့၏ ။

ကျေနပ်အောင် ကြည့်ပြီးသော အခါတွင် မှ ကိုသံဟိတ်သည်ထရပ်လိုက်ကာ ကုလားအုတ်စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်လေ၏ ။ စီးကရက်မီးခိုးများ ကို ခပ်ဖြည်းဖြည်း မှု တ်ထုတ်လိုက်ရင်းမှ

''လူသတ်သမားဟာ သားကောင်ရဲ့ ချက်ကောင်းကို သိနေတဲ့လူပဲဗျ။ ပြီးတော့ အင်မတန်မှလျင်တဲ့ လူပေပဲဗျို့ ။ ဒီလူနဲ့ ဒီမိန်းမမျက်နှာချင်းဆိုင်ပြီး ရင်ချင်းအပ်လိုက်တဲ့အချိန် ကိုယ်ခန္ဓာနှစ် ခုဟာတစ်ဝက်စီထပ်မိချိန်မှာ လူနှစ် ယောက် ရဲ့ နှလုံးနှစ် ခုဟာ တစ်ထပ်တည်း ဖြစ်နေတာပေါ့ဗျာ။ အဲဒီ အချိန်ကို အမိဖမ်းပြီး ပစ်ထည့်လိုက်တာဗျ။

ပစ်မှတ်ကလည်း နည်းနည်း ကလေးတောင် မတိမ်းဘူးဗျ။ ပြီးတော့ပစ်သွားတာက ဒူးလေးမဟုတ်နိုင်ဘူး။ ရိုးရိုးလေးနဲ့ပစ်တာဗျ။

လေးကမှမြားချက်ပိုပြင်းတာ။ ဒီတော့ လူသတ်သမားဟာ အလွှန်ကို ကျွမ်းကျင်ပြီးတော့ သားကောင်ပစ်တဲ့နေရာမှာ အတော် ကို အတွေ့အကြုံရှိတဲ့မုဆိုး တစ်ယောက် ပဲဗျို့ "

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ

..."ဗျာ

..."ဟု ကိုထွန်းသောင်ကြီးက အံ့ဩပြောလိုက်လေ၏ ။

"ခွိ

...ခွိ"

ဟူသော အသံတစ်သံထွက်လာလေရာ

ကျွန်ုပ်တို့အားလုံးလှည့်ကြည့်လိုက်လေရာ ပိုးဟပ်ဖြူဟုခေါ်သော အင်စပိတ်တော် ကိုအုန်းသင်သည် ပါးစပ်ကို လက်နှင့် အုပ်ပြီး ရယ်လေ၏ ။

"ပိုးဟပ်ဖြူသူငယ်နာ ပြန်ထလာတယ် မှတ်တယ်"

ဟု ကိုထွန်းသောင်ကြီးက မျက်နှာခပ်တင်းတင်းပြုလုပ်၍ ပြောလိုက်သော အခါ ကိုအုန်းသင် ငြိမ်သွားလေ၏ ။ ပြီးတော့မှ

..."တောထဲက မုဆိုး တစ်ယောက် က ဒီလိုမြို့ ကြီးထဲကိုလာပြီးလူသတ်ဖို့ဆိုတာ ဖြစ်နိုင်စရာမရှိတဲ့ အချက်တစ်ခုမို့ ဒီတစ်ခါတော့ကိုသံဟိတ် ဘယ်လိုများ အတွေးချော် သွားပါလိမ့်လို့ တွေးမိသွားလို့ပါဗျာ"

ဟု ကိုအုန်းသင်က ပြောပြလေရာ

..."ကိုအုန်းသင်ပြောတာ မလွှန်ဘူးဗျ၊ ဖြစ်နိုင်ချေ တော် တော် ကိုနည်းတဲ့ကိစ္စဆိုတာအမှန်ပဲ ကိုထွန်းသောင်ရဲ့ ။ အ ဖြစ်အပျက်က ဒီအတိုင်းကို ကောက်ချက်ချရမှာ မို့သာ ကျုပ်က ပြောရတာ ။ ဒီကောက်ချက်ကိုပြင်ဆွဲလို့လည်း မ ဖြစ်နိုင်ဘူးဗျ"

ဟု ကိုသံဟိတ်က ပြန်၍ ပြောပြလေရာ

"မှဆိုးပဲထားပါတော့ဗျာ။ ဒီလူက ဘယ်နေရာကနေ ပစ်တာ ဖြစ်မလဲ"

ဟု ကိုအုန်းသင်က မေးပြန်လေ၏ ။

"ဟာ ...

ကိုအုန်းသင်မေးတဲ့ မေးခွန်းက တကယ့်အရေး ပါဆုံး မေးခွန်းပဲဗျို့ ။ ကျုပ်အခု ခေါင်းချောက်သွားတာ အဲဒီ ကိစ္စပဲဗျ"

ဟု ကိုသံဟိတ် ပြန်ပြောလိုက်စဉ်မှာ ပင် လှေကားမှ ပုလိပ်သားကလေး တစ်ယောက် တက်လာသည်ကိုတွေ့ရလေ၏ ။ သူ့လက်ထဲတွင် လည်း မြားတစ်ချောင်းကိုင်လာသည်ကိုတွေ့ရလေ၏ ။

"ဟေ့

...ဆတ္တား၊ ဘာကိစ္စတက်လာတာလဲ။ အောက်မှာ စန္ဒရီ စောင့်ခိုင်းထားတယ်မို့လား"ဟု ဌာနာအုပ်ကိုအေးဖေက ကုလားပုလိပ်သားကလေးကို ဆီးကြို၍ ပြောလိုက်လေရာ လှေကားမှတက်လာသော ပုလိပ်သားကလေးက ကိုအေးဖေကို ဆလံပေး၍

..."ဟုတ်ပါတယ် ဆပ်။ ခြံထဲမှာ မြားတစ်ချောင်းတွေ့လို့ လာပို့တာပါ"

"ဟေ့

...မြား

...ဟုတ်စ။ ဟာ

...ဟုတ်သားပဲကွ"

ဟု ကိုအေးဖေကပြောရင်း ဆတ္တားလှမ်းပေးသော မြားကိုယူ၍ ကိုသံဟိတ်ကို သွားပေးလေ၏ ။ ကိုသံဟိတ်လည်း နှစ် ပေခွဲခန့်ရှည်သည့် မြားကိုယူ၍

သေသေချာချာကြည့်လေ၏ ။ မြားအမြီးကိုမှန်ဘီလူးနှင့် ကြည့်ကာ ခေါင်းညိတ်လေ၏ ။

"ဟုတ်တယ်မျိုး ။ ဒါ လူသတ်သမားကျန်ခဲ့တဲ့ မြားပဲ။ ဟေ့ဆတ္တား၊ မင်း ဒီမြားကို ဘယ်နေရာက တွေ့တာလဲကွ"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ပုလိပ်သားကလေးကကိုသံဟိတ်ကို ဆလံပေးလိုက် ကာ

..."ဟောဟို ပျဉ်းမပင်ကြီးအောက်က တွေ့တာပါ ဆပ်"

ဟု ပြောရင်း ကျွန်ုပ်နှင့် ကိုဘခင် ကျောပေးရပ်နေသည့်ပြတင်းပေါက်ကို လက်ညှိုး ထိုးပြလေ၏ ။ ကျွန်ုပ်နှင့် ကိုဘခင်လည်းနောက်သို့ လှည့်ကြည့်လိုက်ကြလေ၏ ။

လုံးပတ် အတော် ကလေးကြီးသော ပျဉ်းမပင်ကြီးတစ်ပင်ကိုပြတင်းပေါက်တည့်တည့်တွင် တွေ့ရလေ၏ ။ ကျွန်ုပ်တစ်သက်တွင် မြင်ဖူးသမျှ ပျဉ်းမပင်ထဲတွင် တော့ အကြီးဆုံးဟုပင် ပြောရပေလိမ့်မည် ။

လုံးပတ်မှာ ယောက်ျားကြီးတစ်ဖက်မကကြီး၍ အမြင့်မှာ အိမ်ခေါင်လောက်ရှိ၍ ကိုင်းများ လည်း ဖျာထွက်နေကာ အရွက်များ လည်း ပိတ်နေသည်ကို တွေ့ရလေ၏ ။ ကိုင်းလုံးကြီးများ မှာ လူ တစ်ယောက် ကောင်းကောင်း တက်၍ ထိုင်နေနိုင်သည်ကို ကျွန်ုပ် သတိထားမိလေ၏ ။

"အေး

...ဟုတ်ပြီ။ ဆတ္တား၊ မင်း သစ်ပင်ကောင်းကောင်းတက်တတ်သလားကွ"ဟု ကိုသံဟိတ်က ဆတ္တားကို မေးလိုက်လေရာ ဆတ္တားကခေါင်းခါ၍

..."ချွန်ဒေါ်၊ ကောင်းကောင်းမတက်တတ်ဘူးဆပ်"

ပြန်၍ ပြောလေ၏ ။ ထိုအခါ ကိုသံဟိတ်က သာထွေးကို လှမ်း၍ ကြည့်လိုက်လေ၏ ။

"ဟုတ်ကဲ့၊ ကျွန်တော် ကောင်းကောင်းတက်တတ်ပါတယ်လက်ဖတင်နင်"

ဟု သာထွေးက ပြောလိုက်လေရာ ဌာနအုပ်ကိုအေးဖေက

"ကဲဒါဆိုရင်လည်း သွားတက်ကွာ"

ဟု ဝင်၍ ပြောလိုက်လေ၏ ။ ထိုအခါ ကိုသံဟိတ်က

..."ဒါဆိုရင်၊ အဲဒီ ပျဉ်းမပင်ကြီးပေါ်ကို တက်ပြီးရှာကြည့်စမ်းကွာ။ ပစ်သွားတဲ့လေးတွေ ဘာတွေ များ တွေ ့မလားလို့"ဟု ပြောလိုက်လျှင် ပုလိပ်သားကလေးသာထွေးသည် အောက်ထပ်သို့ ဆင်းသွားလေ၏ ။ ခဏကြာလျှင် သာထွေး သစ်ပင်ပေါ်သို့ရောက်သွားလေ၏ ။

ထိုအချိန်တွင် ကိုသံဟိတ်သည် ပြတင်းပေါက်အနီးသို့ ရောက်လာကာ

..."ဘာတွေ လဲကွ သာထွေးရ"

ဟု မေးလေ၏ ။ ထိုအခါ ပုလိပ်သားလေးက သစ်ပင်ပေါ်တွင် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း

..."ဘာမှမတွေ ့ဘူး လက်ဖတင်နင်"

ဟု ပြန်၍ ပြောလေ၏ ။ ထိုအခါ ကိုသံဟိတ်က"ဒါဆိုရင် အပေါ် ထပ်တက်လိုက်ဦးကွာ။ အပေါ်က ကိုင်းကြီးမှာ တက်ထိုင်လိုက်စမ်း သာထွေးရာ"

ထိုအခါ သာထွေးက သူ ့ခေါင်းပေါ်မှ သစ်ကိုင်းကြီးပေါ်သို့ တက်ထိုင်လိုက်လေ၏ ။

"အေး

...ဟုတ်ပြီ။ ကဲ

...သာထွေး၊ ဒီပြတင်းပေါက်ကိုလှမ်းကြည့်စမ်းကွာ။ ဟိုမှာ ထောင်ထားတဲ့ ပန်းချီကားကို မြင်ရလား""ဟုတ်ကဲ့၊ မြင်ရတယ် လက်ဖတင်နင်"

"အေး

...အဲဒီ ကနေ့ မြားပစ်သလိုလုပ်ပြီး ချိန်ကြည့်စမ်းကွာ၊မင်းမျက်နှာနဲ့ အဲဒီ ပန်းချီကားဟာ တစ်တန်းတည်းကျသလားကွ''ထိုအခါ သာထွေးက ကိုသံဟိတ်ပြောသကဲ့သို့ လေးပစ်ခါနီး ချိန်သကဲ့သို့ လုပ်ကြည့်လေ၏ ။

''နည်းနည်း နိမ့်နေတယ် လက်ဖတင်နင်''

''ဟေ

...ဘာကနိမ့်နေတာလဲ။ သစ်ကိုင်းကလား ပန်းချီကားကလား''

''ပန်းချီကားက နိမ့်တာ လက်ဖတင်နင်။ သစ်ကိုင်းကမြင့်နေတယ်''

''ဪ

...အေး

...အေး

...ရပြီ

...ရပြီ ဆင်းခဲ့တော့ဟေ့သာထွေး''

ဟု ကိုသံဟိတ်ကပြောပြီး အလောင်းများ ဘက်သို့ လှည့်ကြည့်လိုက်လေ၏ ။

''ဒါထက် ကိုအေးဖေ၊ ဒီလူက နာမည် ဘယ်သူတဲ့လဲဗျ''''ဦးဝ္ဍဏတဲ့ လက်ဖတင်နင်။ သူ့ငွေ တစ်ယောက် ပါပဲဗျာ။ဟိုဟာက သူမိန်းမ မစိမ်းကြည်ပဲဗျ''

''ဟင် ...ဒါ သူ့မိန်းမဟုတ်လား။ အသက်တော့ တော် တော် လေးကွာသားဗျနော်''

''ဟုတ်တယ် လက်ဖတင်နင်။ ဒီလူက လေးဆယ်ကျော်လောက်ရှိမယ်။ သူ့မိန်းမက နှစ် ဆယ်ကျော်ပဲ ရှိဦးမှာ ။ ကျွန်တော် သိရသလောက်တော့ ဒီလူက မိန်းမသုံးလေးယောက် ရဖူးတယ်ဆိုပဲဗျ။ဒီမိန်းမက ငါးယောက် မြောက်လောက် ရှိမယ်ထင်တယ်''

''ဪ

...မိန်းမတော့ အများ သားကလား။ ဒါထက် သူကဘာလုပ်ငန်းလုပ်တာတုံးဗျ''

''ကုန်သည်လို့တော့ပြောတာပဲ လက်ဖတင်နင်။ စပါးကုန်သည်လိုလို၊ သစ်ကုန်သည်လိုလို ပြောတာပဲ။ အော်စတင်ကားကလေးတစ်စီးလည်း ရှိတယ်ဗျ''

''ဪ

...ဒါထက် ဒီလင်မယားမှာ သားသမီးကော ရှိကြသလား''

''သားသမီးမရှိဘူး လက်ဖတင်နင်။ ဒီအိမ်ကြီးကိုဝယ်ပြီးပြောင်းလာတာ သုံးနှစ်လောက်ပဲရှိသေးတာတဲ့။ သူ့မိန်းမ မစိမ်းကြည်ကိုတော့ တော် တော် ကို ချစ်ပုံရတယ်တဲ့။ အခုလည်း တရုတ်ပန်းချီဆရာကြီး တစ်ယောက် ခေါ်ပြီး ဒီအိမ်ပေါ်ထပ်မှာ ပုံတူပန်းချီဆွဲခိုင်းတာဆိုပဲ။ သူကလည်း အနားကနေ မခွာဘဲ တစ်နေကုန်စောင့်နေဆိုပဲဗျ။ ဒီမနက်တော့ သူ့မိန်းမပုံတူပန်းချီကားကြီး အပြီးသတ်သွားပြီမို့ ပန်းချီဆရာကြီးက ပေါင်တွေ ဘာတွေ တစ်ခါတည်း ကွပ်ပေးသွားတာတဲ့။

ပြီးတော့ ပန်းချီဆရာကြီးကိုလည်း ငွေတွေ ဘာတွေ တောင် ပိုပေးလိုက်သေးတယ်ဆိုပဲ။ ပန်းချီဆရာကြီး ပြန်သွားတော့ သူတို့လင်မယားဒီပန်းချီကားကိုကြည့်ပြီး သဘောကျနေကြတာတဲ့။ ထမင်းစားချိန်ကျော်သွားလို့ ဆင်းမလာတော့မှ ထမင်းချက်တဲ့ ဒေါ်တင်ဆိုတဲ့ မိန်းမကြီးက တက်ကြည့်တော့မှ မြားကြီးစိုက်ပြီး လင်မယားနှစ် ယောက် စလုံးသေနေတာတွေ့လို့ လန့်အော်ပြီး ဆင်းပြေးလာတာဆိုပဲ''

''ဒီအိမ်မှာ က သူတို့လင်မယားအပြင် ဘယ်သူတွေ ရှိသေးလို့တုံး''

''ထမင်းချက်ဒေါ်တင်နဲ့ သူ့ယောက်ျား ဒရိုင်ဘာကိုပေါက်ကျော်ရယ်၊ မာလီကိုညွန့်တို့ လင်မယားရယ် ရှိတယ်။ ဒါပေမဲ့ ဒေါ်တင်နဲ့ကိုပေါက်ကျော်ပဲ ဒီအိမ်ထဲမှာ ရှိကြတာ။ ကိုညွန့်က ခြံထဲမှာ ပဲနေတာ။တံခါးအဖွင့်အပိတ်ကို တာဝန်ယူရတာ ။ မနက်ကလည်း ပန်းချီဆရာကြီးကို ကိုပေါက်ကျော်က ကားနဲ့လိုက်ပို့ရတာ တဲ့။ ကိုညွန့်ပဲ

ခြံတံခါးကိုဖွင့်ပေးလိုက် တာတဲ့။ ဒေါ်တင် ကတော့ ထမင်းဟင်းတွေ ချက်ပြီးမှ ဆီတို့၊ ကြက်သွန်တို့ ငရုတ်သီးတို့ ကုန်နေတာနဲ့ ဟောဒီနားက ဈေးမှာ ဈေးသွားဝယ်နေတာတဲ့။ ထမင်းစားချိန်လွန်တော့မှ သူ့ငွေးလင်မယား ဆင်းမလာလို့ တက်ကြည့်တာတဲ့ လက်ဖတင်နင်''

''ဩော်

...ဒါထက် အဲဒီ ပန်းချီဆရာကြီးက တရုတ်ပန်းချီး

''ဟုတ်တယ်လို့ပြောတယ် လက်ဖတင်နင်။ ပန်းချီသိပ်တော် တယ်လို့ သူတို့သူ့ငွေးက ခဏခဏပြောဖူးတယ်တဲ့''''နာမည် က ဟာကျင်မို့လား''

''နာမည် တော့ မသိဘူး။ အသက်တော့ကြီးနေပြီလို့ ပြောတယ်။ခါးတောင် တော် တော် ကုန်းနေပြီဆိုပဲ။ သတိကလည်း အားကြီးမေ့တတ်တာတဲ့။ မနက်ကတောင် ကားထဲကို ဝင်မယ်လုပ်ပြီးမှ စုတ်တံတွေ နဲ့ပန်းချီကားတင်တဲ့ဒေါက်ကြီး လှေကားရင်းမှာ ကျန်နေခဲ့လို့ တက်ယူရသေးတယ်တဲ့။ သူ့ အိမ်ရောက်တော့လည်း ကားပေါ်ကဆင်းတော့အဲဒီ ပန်းချီဆွဲတဲ့ဒေါက်ကြီးကို မေ့နေလို့ ကိုပေါက်ကျော်က သတိပေးရသေးတယ်ဆိုပဲ။ ဒါပေမဲ့ အဘိုးကြီးက သဘောတော့ အားကြီးကောင်းတာဆိုပဲ။ သူ့ ကိုလိုက်ပို့တိုင်း ကိုပေါက်ကျော်ကို လက်ဖက်ရည်သောက်ဖို့ပိုက်ဆံနှစ် ကျပ် အတင်းပေးတာပဲတဲ့။ မယူလို့ကိုမရဘူးတဲ့။ သူ့ အိမ်မှာ လည်း ဆွဲလက်စပန်းချီကားတွေ တော် တော် များ တယ်ဆိုပဲ။ ပြီးတော့သူ့ မှာ တပည့် တစ်ယောက် ရှိတယ်တဲ့။ သူ့ တပည့်ကလည်း သူ့ လိုပန်းချီကျော်ပဲတဲ့ လက်ဖတင်နင်ရဲ့ ''

''ဩော်

...သူ့ မှာ တပည့်လည်း ရှိသတဲ့လား။ ဒါထက်နေပါဦး၊ ကိုအေးဖေရဲ့ ။ အဲဒီ ပန်းချီဆရာကြီးက ဘယ်မှာ နေတာတဲ့တုံး''''မြို့ ထဲမှာ တဲ့ဗျ။ တရုတ်တန်းမှာ နေတာတဲ့။ လက်ဖတင်နင်သေသေချာချာသိချင်ရင် နောက်ဖေးတန်းလျားမှာ ဒရိုင်ဘာကိုပေါက်ကျော် ရှိပါတယ်။ ခေါ်ခိုင်းလိုက်ရမလား''

"ဟာ ...နေပါစေဗျာ။ ပြန်တော့မှပဲ ဒေါ်တင်နဲ့ ကိုပေါက်ကျော်ကို ခဏဝင်တွေ့သွားပါမယ်။ ခေါင်းခိုင်းမနေပါနဲ့တော့။ ခဗျာများ လည်း စိတ်ညစ်နေကြမှာ ပေ့ါဗျာ"ဟု ကိုသံဟိတ်က ပြောလေ၏ ။ တစ်မနက်လုံး သဲကြီးမဲကြီးရှာနေသည့် မိုးသည်လည်း တိတ်သွားပြီ ဖြစ်ရာ ကိုသံဟိတ်သည် သစ်ပင်အောက်တွင် တွေ့သည့် မြားတံအားတောင်းယူ၍ အောက်သို့ ဆင်းလေ၏ ။ကျွန်ုပ်လည်း ရိုန်းကုတ်များ ကိုယူကာ နောက်မှလိုက်ရလေ၏ ။

အောက်သို့ ရောက်သော အခါ ကိုသံဟိတ်သည် ဒရိုင်ဘာကိုပေါက်ကျော်ကို တစ်ခွန်းနှစ် ခွန်းမေး၍ ပြန်ခဲ့လေတော့၏ ။ ကိုဘခင်ကကျွန်ုပ်တို့အား ပြန်၍ ပို့လေ၏ ။

"ဘယ်လိုလဲ လက်ဖတင်နင်။ အမှု အခြေအနေက လွယ်ပ့ါမလားဗျာ"

ဟု ကိုဘခင်က မေးလေ၏ ။ ထိုအခါ ကိုသံဟိတ်က ခေါင်းကိုခါပြလိုက်ကာ

..."မိဖို့မလွယ်ဘူးထင်တယ် ကိုဘခင်ရဲ့ ။ သေတဲ့လူရဲ့ နောက်ကြောင်းရာဇဝင်ကို သေသေချာချာလိုက်ယူမှ ရလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ကျုပ် ဒီကိစ္စကို အပူတပြင်း စုံစမ်းပ့ါမယ်။ လူသတ်သမား မုဆိုးကတောထဲဝင်ပြေးသွားရင်တော့ ဖမ်းမိဖို့ မလွယ်ပေဘူးပေ့ါဗျာ"

ဟု ကိုသံဟိတ်က ပြောလိုက်သော အခါ

..."မုဆိုးဆိုတာတော့ သေချာတာပေ့ါ။ ဟုတ်လား လက်ဖတင်နင်"

"ဟာ ...သေချာတယ် ကိုဘခင်။ တော် တော် ကိုလျင်တဲ့မုဆိုးဗျ၊ နည်းနည်း လျင်တာ မဟုတ်ဘူး။ လက်ကလည်း ဖြောင့်လိုက်တာ လွန်ပါရောဗျာ"

"ဘုရား ...ဘုရား၊ လက်ဖတင်နင်ပြောတာနဲ့ ကျွန်တော် ဖြင့် ကြောက်တောင်လာပြီဗျို့ ။ မြားဆိုတာ သေနတ်လို အသံကြားရတာ မဟုတ်ဘူးဗျ၊ ချောင်းပြီးပစ်သွားရင် ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

ဟု ကိုဘခင်က ပြောလိုက်လေရာ ကျွန်ုပ်ရော ကိုသံဟိတ်ပါကိုဘခင်၏

စကားကို သဘောကျစွာ ဖြင့် ရယ်မောမိလေတော့၏ ။

*

# အခန်း (၂)

သည့်မနက်တွင် တော့ မိုးသည် ဖြိုး ဖြိုး ဖြောက်ဖြောက်သာရွာနေလေ၏ ။ မနေ့ကကဲ့သို့ သည်းသည်းထန်ထန် ရွာသွန်းခြင်း မရှိတော့ပေ။ ကျွန်ုပ်အိပ်ရာမှ နိုးလာချိန်တွင် ကိုသံဟိတ်သည် နိုးနှင့် နေပြီ ဖြစ်၏ ။မည် သည့်အချိန်ကတည်းက နိုးနေမှန်းတော့ မသိရပေ။ သူ့ကိုကြည့်ရသည်မှာ ရေမိုးချိုး ထားပြီး သပ်သပ်ရပ်ရပ်ပင် ဖြစ်နေသည်ကို တွေ့ရလေ၏ ။

ကိုသံဟိတ်သည် မိုးပြာရောင် ဘောင်းဘီနှင့် ရှပ်အင်္ကျီမီးခိုးရောင် ကို ဝတ်ထားကာ အပေါ်မှာ လည်း ဘလေဇာကုတ် မီးခိုးဖျော့ရောင် ကို ထပ်ဝတ်ထားလေ၏ ။ ကိုသံဟိတ် တစ်နေရာကိုများ သွားမလို့လားဟု ကျွန်ုပ် တွေးနေမိစဉ်မှာ ပင်

..."ဟာ

...မောင်တောအုပ်တောင် နိုးမှကိုး။

ကဲ ...လုပ်ကွယ်။

တစ်ခုခုသွားစားကြရအောင်။ ကျုပ် မောင်တောအုပ်ကို စောင့်နေတာကွယ့်"

ဟု ကိုသံဟိတ်က ကျွန်ုပ်ကို လှည့်၍ ပြောလေ၏ ။ ပြီးလျှင်မနေ့ကယူလာခဲ့သော မြားတံကို မှန်ဘီလူးနှင့် သေသေချာချာ ကြည့်လေ၏ ။ မြားတံမှာ နှစ် ပေခွဲခန့် ရှည်လျား၍ မြားအမြီးကို ကြေးပြားပါးပါးကလေးနှင့် တပ်ဆင်ထားသည် ဖြစ်ရာ ကိုသံဟိတ်သည် မြားအမြီးပြုလုပ်ထားသည့် ကြေးပြားကလေးကိုသာ မှန်ဘီလူးနှင့် အကြိမ်ကြိမ်ကြည့်နေသည်ကို ကျွန်ုပ် သတိပြု မိလေ၏ ။ မြားဦးသည် ချွန်မြနေကာခပ်မျောမျော ပြုလုပ်ထားသည့် မြားထိပ်ပါရှိလေ၏ ။ မြားတံမှာ လုံးချောနေကာ သစ်သားများ ပွတ်လုံးတိုက်ထားသကဲ့သို့ ပင် ရှိလေ၏ ။ ကိုသံဟိတ် ပြောသကဲ့သို့ အလွန်ကျွမ်းကျင်သော မုဆိုး တစ်ယောက် ပြုလုပ်ထားသည့် မြားပင် ဖြစ်ပေလိမ့်မည် ။

ကျွန်ုပ်လည်း ရေချိုး ခန်းသို့ ဝင်ကာ ရေချိုး ရင်း ဆက်၍ တွေးမိပြန်တော့၏ ။

ကျွန်ုပ်၏ တစ်သက်တွင် ဤမျှထူးဆန်းစွာ သေဆုံးနေသော အလောင်းများ ကို တစ်ခါမျှ မမြင်ဖူးခဲ့ရာ မနေ့က သွားကြည့်ခဲ့သော ဘောက်ထော်မှ အလောင်းများ ကို မျက်စိထဲမှ မထွက်နိုင်အောင် ရှိလေတော့၏ ။ မြားတံကြီးတစ်စင်းတည်းနှင့် လူနှစ် ယောက် ၏ နှလုံးသားနှစ် ခုကိုတစ်ပြိုင်နက် ဖောက်ထွင်းဝင်ရောက်သွားပြီး ဖရိုဖရဲ လဲကျကာ မျက်လုံးကြီးများ ပြူး ထွက်နေအောင် မခိုမဆံ့ ဝေဒနာခံစားပြီးမှ သေဆုံးသွားရသော ဦးဋ္ဌေကာနှင့် မစိမ်းကြည်တို့၏ အ ဖြစ်မှာ မည် သို့မျှ တွေ းမရအောင်ရှိချေတော့၏ ။

ဆွဲပြီးစ ပုံတူပန်းချီကားကြီးမှာ လည်း လွန်စွာ လက်ရာမြောက်လှလေ၏ ။ ပန်းချီကားတွင် သုံးထားသော ဆေးရောင် များ မှာ ဆေးရောင် ဟုပင် မထင်ရဘဲ သဘာဝ တွင် ရှိသည့် အရောင် များ အတိုင်း ရှိနေသည်ကို ကျွန်ုပ် သတိထားမိခဲ့လေ၏ ။ ဤအမှု ကို ကိုသံဟိတ် တစ်ယောက် မည် သို့ များ လိုက်ပေလိမ့်မည် နည်းဟု ကျွန်ုပ်တွေ းမိကာ ရေချိုး ခြင်းပြီး၍ အပြင်သို့ထွက်ခဲ့လေ၏ ။

ကျွန်ုပ် ရေချိုး ခန်းမှထွက်လာချိန်တွင် ကိုသံဟိတ်သည်စီးကရက်သောက်ရင်း မျက်နှာကြက်သို့ မော့ကြည့်ကာ တစ်စုံတစ်ခုအားတွေ းနေသည်ကို တွေ ့ရလေ၏ ။

ကျွန်ုပ် အဝတ်အစားဝတ်ပြီးသော အခါ ကိုသံဟိတ်သည်လက်ထဲတွင် ကိုင်ထားသည့် မြားတံကို ချထားလိုက်ပြီး အပြင်ထွက်ရန်မတ်တတ်ထရပ်လေ၏ ။ ပြီးလျှင် ကျွန်ုပ်တို့လည်း အပြင်သို့ ထွက်ခဲ့ကြလေ၏ ။

စောစောက ဖြိုး ဖြိုး ဖျောက်ဖျောက်ရွာနေသော မိုးသည်လုံးဝတိတ်သွားကာ နေကလေးပင် သာလာလေ၏ ။

''ကဲ ...ဘယ်သွားပြီး ဘာစားကြမလဲ''

ဟု ကျွန်ုပ်က မေးလိုက်သော အခါ ကိုသံဟိတ်က

...''မဂိုလမ်း(ရွှေဘုံသာလမ်း) ဘက်သွားကြတာပေါ့။ ကျုပ်တို့နှစ် ယောက် ဗလီကြီးနားက ဟာရှင်ကြီးဆိုင်မရောက်တာတောင် တော် တော် ကြာသွားပြီကွယ့်။ ဟာရှင်ကြီးဆိုင်က ပူရီက အတော် စားကောင်းတာ။ ကျုပ်တော့ သူ့ဆိုင်က ပူရီကလေးစားပြီး

နွားနို့တစ်ခွက် သောက်လိုက်ရရင် အိန္ဒိယကို အားကြီးသတိရတာ ကွယ့် မောင်တောအုပ်ရဲ့ "

"ဒါဆိုလည်း သွားကြတာပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် နှစ် ယောက် သား ဆူလေဘုရားဘက်သို့ ခြေဦးလှည့်လိုက်ကြလေတော့၏ ။ ဖိုက်စကွဲယားပန်းခြံ (မဟာဗန္ဓုလပန်းခြံ)ကို ကျော်လာသော အခါ

..."မနေ့က လူသတ်မှု ကတော့ တော် တော် ကို စိတ်မကောင်းစရာပဲကွယ်"

ဟု ကိုသံဟိတ်က စကားစပြောလေ၏ ။

"ဟုတ်ပဗျာ၊ မိန်းမလုပ်တဲ့သူကလည်း တော် တော် ကို ချောတာပဲဗျာ။ သူ့ပုံကိုဆွဲထားတဲ့ ပန်းချီဆရာကလည်း လက်ရာမြောက်လိုက်ပါဘိတော့ဗျာ"

"လက်ရာမြောက်ဆို ကျုပ်တို့အောက်ထပ်မှာ တွေ ့ခဲ့တဲ့ပန်းချီကားကြီးသုံးကားကိုဆွဲတဲ့ ပန်းချီဆရာကြီးပဲလေကွယ်"

"ဟင်

...ဟုတ်လား။ ပန်းချီဆရာကြီးဟာကျင်ပဲလားဗျ၊ နို့ဒီပန်းချီဆရာကြီးက ရှိကောရှိသေးလို့လား"

"ရှိသေးတယ် မောင်တောအုပ်ရဲ့ ။ မစိမ်းကြည်နဲ့ ဦးဋ္ဌေးမြားမှန်ပြီးလဲကျသွားချိန်မှာ ပန်းချီကားတင်ပြီး ထောင်ထားတဲ့ ကုလားထိုင်ကို လက်နဲ့တိုက်မိပြီး ကုလားထိုင်ကြီး လဲကျသွားတယ်ကွယ့်။ဒီအချိန်မှာ မစိမ်းကြည် ပုံတူပန်းချီကားကြီးဟာ ကြမ်းပြင်ပေါ်ကိုမှော က်လျက်ကြီး ကျသွားတယ်လေ။ ဒီမှာ တင် ပန်းချီကားထောင့်ဘက်မှာ သွေးစွန်းသွားတာပေါ့။ ကျုပ်ရောက်သွားတော့ အဲဒီ သွေးတွေ ကို စက္ကူနဲ့သုတ်ကြည့်တာကို မောင်တောအုပ် တွေ ့မှာ ပေါ့"

"ဟာ

...တွေ ့တယ်ဗျို့ ။ အဲဒါ ဘာကိုကြည့်တာလဲဗျ"

"ပန်းချီဆရာကြီးတွေ က ပန်းချီကားပြီးသွားရင် ထောင့်မှာ လက်မှတ်ထိုးတတ်ကြတယ်မို့လား။ အဲဒါကို ကျုပ် ကြည့်ချင်လို့ တွေ့လိုတွေ့ငြားဆိုပြီး စွန်းနေတဲ့သွေးတွေ ကို သုတ်ကြည့်တာကွယ့်"

"ဪ

...ဒါကြောင့် ကိုး။ နို့

...ဘာများ တွေ့သလဲဗျ"

"မနည်းကို ကြည့်ယူရတယ်ကွယ့်။ ဟာကျင်လို့ ထိုးထားတဲ့လက်မှတ်ကိုတွေ့ရတယ်။ ဒါပေမဲ့ နည်းနည်း ကွာနေတာ ကျုပ် သတိထားမိတယ် မောင်တောအုပ်ရဲ့ "

"အလို ...

ဘာများ တုံးဗျ"

"အဲဒီ မှာ ကျုပ် ဟာကျင်ရဲ့ လက်မှတ်ကို သေသေချာချာကြည့်ခဲ့မိတယ်ကွယ့်။ ဒါကြောင့် ပုံတူပန်းချီမှာ ထိုးထားတဲ့ လက်မှတ်နဲ့အောက်ထပ်က ပန်းချီကားကြီးတွေ မှာ ထိုးထားတဲ့ လက်မှတ်ဟာ နည်းနည်း ကွာနေတာကို သတိပြုမိတာပေါ့"

"ဒါ ကတော့ဗျာ ခင်ဗျားတို့ ကျွန်တော် တို့ လက်မှတ်ထိုးရင်တောင်မှ တစ်ခါနဲ့တစ်ခါ နည်းနည်း စီတော့ ကွာသေးတာပဲမို့လား"

"အင်း

...မောင်တောအုပ်ပြောတာလဲ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ အဲဒါက ဒီလိုရှိတယ် မောင်တောအုပ်ရဲ့ ။ အလုပ်လုပ်တဲ့နေရာမှာ ကသုတ်ကရက် လုပ်တတ်တဲ့သူ၊ ကိုယ့်အလုပ်ကို ကိုယ်စိတ်ကုန်နေတဲ့သူ၊ အလုပ်ထဲမှာ စိတ်ဝင်စားမှု နည်းတဲ့သူတွေ သာ ဖြစ်တတ်တာပါ။ ပန်းချီဆရာကြီး တစ်ယောက် ကတော့ သူ့လက်မှတ်ကိုတစ်ထပ်တည်းကျအောင် ထိုးမှာ ပေါ့ကွယ်"

"အင်း

...ဒါတော့လဲ ဟုတ်သားပဲ။ နို့

...ခင်ဗျား မနေ့ကမပြန်ခင် ကိုညွှန့်ကို မေးသေးတယ်မို့လား''

''မေးတယ်လေကွယ်။ မေးတာက ဒီလိုပါ။ အိမ်ကြီးပေါ်မှာ လူနှစ် ယောက် မြားမှန်ပြီး လဲကျသွားတယ်။ ကုလားထိုင်ကြီးရောပန်းချီကားကြီးရော မှော က်ကျသွားတယ်။ ဒါ နည်းနည်း မြည် မှာ မှမဟုတ်တာ။ ဒီအသံကို ဘယ်သူမှ မကြားဘူးဆိုတာ ဟုတ်ပါ့မလားလို့မေးကြည့်တာပါ''

''ဩော်

...ဒီတော့ ဘာများ ထူးလဲဗျ''

''မထူးပါဘူးကွယ်။ သူ့မိန်းမက ဈေးကိုသွားနေတယ်တဲ့။သူကလည်း ဦးဦးဝဏ္ဏခိုင်းလို့ ပန်းချီဆရာကြီးကို လိုက်ပို့ရတယ်တဲ့။မာလီကလည်း ခြံဝမှာ စောင့်နေတာဆိုပဲ။ သူ့နဲ့ ပန်းချီဆရာကြီးထွက်လာတော့တောင် ကားထွက်ဖို့ ခြံတံခါးဖွင့်ပေးလိုက်သေးတယ်တဲ့။ ပန်းချီဆရာကြီးဟာကျင်ကလည်း တော် တော် တောင် အသက်ကြီးနေပြီဆိုပဲ။ ခါးတောင်တော် တော် ကုန်းနေပြီတဲ့။ ဆံပင်တွေ ကလည်း တစ်ခေါင်းလုံး ဖြူနေတာပဲတဲ့။ မျက်မှန်ဝိုင်းဝိုင်းကလေးတပ်ပြီး ပန်းချီရေး ရတာ ဆိုပဲ။ သူ့ကို ပြန်ပို့တဲ့နေ့ကတောင် ခြံဝရောက်ခါနီး မှ သူ့မျက်မှန်ဝိုင်းကလေး ကျန်ခဲ့လို့ဆိုပြီး ခါးကြီးကုန်းကုန်းနဲ့ ပြန်သွားယူရသေးတယ်တဲ့''

''အင်း

...လမ်းစ ကတော့ ပျောက်ကိုနေတော့တာပဲဗျို့ ''

ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း စကားတပြောပြောနှင့် လျှောက်လာခဲ့ကြလေရာ ဟာရှင်ကြီး၏ ပူရီဆိုင်သို့ ရောက်ခဲ့ကြလေတော့၏ ။

''ဟာ

...ဆပ်တို့ပါလား။ ကြွကြပါ၊ ကြွကြပါ။

တစ်ခါတည်းပျောက်ချက်သားကောင်းနေပါလား ဆပ်''

ဟု ဟာရှင်ကြီးက မုတ်ဆိတ်မွေးမည်း မည်းကြီးများ အောက်မှသူ၏ သွားဖြူဖြူကြီးများ ပေါ်အောင် ပြုံး ၍ ကြိုလေတော့၏ ။''အေးကွာ ဟာရှင်ရာ၊ တို့လည်း မင်းဘက်ကို မရောက် ဖြစ်ဘူး ဖြစ်နေတယ်။ အခုတလော အလုပ်နည်းနည်း များ နေတာနဲ့ မရောက်ကတာဟေ့။

ကဲ ...ပူရီနှစ် ပွဲကွာ။ အာလူးဟင်းရေပူပူကလေးနဲ့ လုပ်စမ်းပါဦး''

ဟု ကိုသံဟိတ်က ပြောလိုက်သော အခါ ဟာရှင်ကြီးက ခေါင်းညိတ်ပြ၍

...''ထိုင်ပါ ဆပ်၊ ထိုင်ပါ''

ဟု ပြော၍ ကျွန်ုပ်တို့ထိုင်ရန် ခုံများ ကို ဆွဲ၍ ပေးလေ၏ ။ ကျွန်ုပ်တို့ ထိုင်ကြပြီး ခဏမှာ ပင် အငွေ့တထောင်းထောင်းထနေသော အာလူးဟင်းရည်နှင့် ပူရီများ ရောက်လာလေတော့၏ ။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ဟာရှင်ကြီးသည့် အာလူးပူရီကို အားရပါးရစားကြလေတော့၏ ။

''အင်း

...စားရင်းသောက်ရင်းပဲ ပြောရဦးတော့မှာ ပဲဗျာ။မနေ့က ဘောက်ထော်မှာ လူသတ်သွားတဲ့ လေးသမားက ပျဉ်းမပင်ကြီးအနားမှာ မြားတစ်ချောင်းကလည်း ကျကျန်နေသေးတယ်နော်''

ဟု ကျွန်ုပ်က အမှု အကြောင်းကို ပြန်၍ စပေးလိုက် သော အခါကိုသံဟိတ်က

...''အဲဒါလည်း စဉ်းစားစရာပဲကွယ့် မောင်တောအုပ်ရဲ့ ''

''အလို

...ဘာကြောင့် များ တုံး ကိုသံဟိတ်ရဲ့ ''

''အဲဒီ ဖြံကြီးက အရှေ့ပေါက်တစ်ပေါက်ပဲရှိတာကွယ့်။ နောက်ဘက်တို့

ဘေးဘက်တို့မှာ တံခါးပေါက်ရှိတာ မဟုတ်ဘူး။ ဒါကြောင့် မနေ့က ကျုပ်ခြံထဲကို ဆင်းပြီးမကြည့်တာပေါ့။ လူသတ်သမားဟာလေးတွေ မြားတွေ နဲ့တော့ ရှေ့ပေါက်က ဝင်လာမှာ မဟုတ်ဘူးမို့လား''

''ခြံစည်းရိုးကို ကျော်တက်လာရင်တော့ ဖြစ်နိုင်တယ်မို့လားဗျို့ ''

''အင်း

...

အဲဒီ လိုတော့ ဖြစ်သပေါ့ကွယ်။ ဒါပေမဲ့ အဲဒီ မှာ ကမောင်တောအုပ်လည်း မြင်သားပဲ။ ခြံဝင်းကြီးတွေ က တစ်ခုနဲ့တစ်ခုဆက်နေတာမို့လား ခြံစည်းရိုးကို ကျော်ဝင်မယ်ဆိုရင်လည်း တခြားခြံတွေ ထဲက လာဝင်မှရမှာ ပေါ့။ အဲဒီ နားမှာ က လူမနေတဲ့ခြံဆိုတာ တစ်ခုမှမရှိဘူးကွယ့်။ အဲဒီ အနေအထားကို ကျုပ် မနေ့က သေသေချာချာကြည့်ပြီးပြီ''

''ဪ

...ဒီလိုလား။ ဒီလိုတော့လဲ အစဉ်းစားရ ကျပ်သားလားဗျာ''

ကျွန်ုပ်တို့နှစ် ယောက် လည်း စကားတပြောပြောနှင့် စားကြသောက်ကြပြီးသော အခါ ကျသင့်ငွေရှင်း၍ ပြန်ခဲ့ကြလေ၏ ။ ပန်းဆိုးတန်းထိပ်သို့ ရောက်သော အခါ

...''ကဲ

...မောင်တောအုပ်၊ ဒီနားကပဲ ခဏစောင့်ကွယ်။ ကျုပ်ကြေးနန်းတစ်စောင် ပို့လိုက်ဦးမယ်''

ဟုပြောကာ ကိုသံဟိတ်က ကြေးနန်းရုံးကြီးထဲသို့ ဝင်သွားလေ၏ ။ ကျွန်ုပ်လည်း ကြေးနန်းရုံးကြီးအနီးမှာ ပင်ရပ်၍ ကိုသံဟိတ်ကိုစောင့်ရလေ၏ ။ ခဏကြာသော အခါ ကိုသံဟိတ် ပြန်ရောက်လာပြီး ကျွန်ုပ်တို့ အိမ်သို့ ပြန်ခဲ့ကြလေတော့၏ ။

''အလို

...ကိုဘခင်တောင် ရောက်နေပါလား မောင်တောအုပ်ရဲ့ "

ဟု ပြောရင်း ကိုသံဟိတ်က ကျွန်ုပ်တို့တိုက်ရှေ့တွင် ရပ်ထားသည့် ဆီဒင်ကားအနီကလေးကို ပြလေ၏ ။

"ဟာ ...ဟုတ်သားပဲဗျို့ ။ ဘာများ အကြောင်းထူးရှိလို့လဲတော့ မသိဘူးဗျ"

"ဘာမှ ထူးမယ်မဟုတ်ပါဘူးကွယ်"

ဟု ပြောရင်း ကျွန်ုပ်တို့နှစ် ယောက် အိမ်ပေါ်သို့ တက်ခဲ့ကြလေ၏ ။

"ဟဲလို

...အိုင်ဆေးကိုသံဟိတ်၊ ဘရိတ်ဖတ်သွားတယ်မှတ်တယ်"

ဟု လှေကားထိပ်တွင် ရပ်နေသော ကိုဘခင်က ဆီး၍ နှုတ်ဆက်လေ၏ ။

"ဟုတ်တယ် ကိုဘခင်ရေ"

ဟု ကိုသံဟိတ်က ဖြေလိုက်ကာ တံခါးသော့ဖွင့်လေ၏ ။ အိမ်ထဲသို့ ရောက်သော အခါ ဆိုဖာတွင် ထိုင်ကြ၍ ကိုသံဟိတ်က ကုလားအုတ်စီးကရက်ဘူးကိုထုတ်ကာ တစ်ယောက် တစ်လိပ် ပေးလေ၏ ။ သူလည်းတစ်လိပ်ထုတ်သောက်ကာ

..."မနေ့က ဘောက်ထော်ကိစ္စ ဘာများ ထူးသေးလဲ ကိုဘခင်ရဲ့ "

ဟု ကိုသံဟိတ်က မေးလိုက်လေရာ

..."ထူးပါပြီလားဗျာ။ ကျုပ်တို့စီအိုင်ဒီက စုံထောက်ကျော် ပိုးဟပ်ဖြူကိုအုန်းသင် တစ်ယောက် ကတော့ ပုလိပ်တွေ ကို ဒီကနေ့ပဲ လွှတ်လိုက်ပြီဗျို့ "

"အလို

...ဘယ်တွေ ကို လွှတ်တာလဲဗျ"

''ရန်ကုန်တစ်ဝိုက်ပေါ့ဗျာ။ ရန်ကုန်အနီးအနားတစ်ဝိုက်ကတောတွေ ထဲမှာ အမဲပစ်လေ့ရှိတဲ့ မုဆိုးတွေ ကို ရသလောက်ဖမ်းပြီးစီအိုင်ဒီကို ခေါ်ခဲ့ရမယ်လို့ အမိန့်ထုတ်ပြီး လွှတ်လိုက်တာပဲမျို့ ''

''ဟာ ...ဒုက္ခပါပဲဗျာ။ ဒီအနီးတစ်ဝိုက်က မုဆိုးတွေ တော့ဒုက္ခရောက်ဦးတော့မှာ ပေါ့ဗျာ''

ဟု ကိုသံဟိတ်က ပြောလိုက်လျှင်

...''ဟား

...ဟား

...ဟား

...သေချာတာပေါ့ လက်ဖတင်နင်ရာ။ လက်ဖတင်နင် မနေ့က အလောင်းတွေ စစ်ရင်း ပြောသွားတယ်မို့လား။ လူသတ်သမားဟာ တော် တော် ကျွမ်းကျင်တဲ့ မုဆိုးဆိုတာလေ။လူနှစ် ယောက် ရဲ့ နှလုံးနှစ် ခု ထပ်နေတဲ့အချိန်မှာ ပစ်သွားတာလို့ ပြောတယ်မို့လား။ အဲဒီ စကားအရ သူလွှတ်လိုက်တဲ့ ပုလိပ်သားတွေ ကိုရင်ဘတ်မှာ မြားကာဖို့ သစ်သားပြားတွေ အင်္ကျီထဲမှာ ခံဝတ်ပေးလိုက်သေးတယ်ဗျ''

''ဟာ

...ဟိုလူတွေ တော့ ခိုးလိုးခုလုကြီးတွေ နဲ့ သွားရတော့မှာ ပဲနော်''

ဟု ကျွန်ုပ်က ဝင်၍ ပြောလိုက်သော အခါ

...''ဟား

...ဟား

...ဟား

...ဟုတ်တာပေါ့ ကိုတောအုပ်ရာ။

သူတို့လည်း ရင်ဘတ်မှာ သစ်သားပြားတွေ ခံပြီး ခိုးလိုးခုလုကြီးတွေ နဲ့သွားကြရသလို ကျုပ်တို့စီအိုင်ဒီကြီးလည်း မကြာခင်မှာ မုဆိုးတွေ ရောက်လာပြီး ကုန်းဘောင်မင်းဆက်ကို ပြန်တည်ကြရတော့မှာ ပေါ့ဗျာ''

''ဟား

...ဟား

...ဟား

...ဟား''

ဟု ကိုသံဟိတ်နှင့် ကျွန်ုပ်က ကိုဘခင်၏ စကားကို သဘောကျသဖြင့် အော်ဟစ်ရယ်မောမိကြလေတော့၏

*